# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကြောင်းသုံးပါးဖြင့် နတ်ပြည်ရောက်**

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။ ကောဓဝဂ်(ဓမ္မပဒ-၂၂၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၂၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်


*စာမျက်နှာ ၃ ကော်လံ ၁* ❑





❑ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကပ်လှူပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီးတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်းတို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၇**

မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပကြောင်း သိရသည်။

**လက်ကမ်းစာစောင်များဝေငှ**

ဟောပြောပွဲတွင် မင်္ဂလာဒုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ လေဆိပ်ကျန်းမာရေးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ကော်မတီနှင့် ရန်ကုန်အေရိုဒရန်းကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက လတ်တလောဖြစ်ပွားလျက်ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးစီမံချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးစဉ် ဆိုက်ရောက်/ထွက်ခွာဆောင်၌ နံရံကပ်ပိုစတာကပ်ခြင်း၊ ခရီးသွားပြည်သူများကို လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ ပန်းဆိုးတန်း – ဒလ ဆိပ်ကမ်းတွင် ကူးတို့လမ်းပြေးဆွဲနေသော ချယ်ရီ–၃ ရေယာဉ်ပေါ်၌လည်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများက ပန်းဆိုးတန်း – ဒလ ဆိပ်ကမ်းနှင့် ချယ်ရီ – ၃ ရေယာဉ်ပေါ်၌ နံရံကပ်ပိုစတာများ ကပ်ခြင်း၊ ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပေးကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV–6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW Volkswagen နှင့် FAW AUDI Q4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Nissan Ariya အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ၊ Aung Gabar Motor Services Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX Alpha T5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Construction & Development Infrastructure Co., Ltd. မှ တင်သွင်းလာသော Volkswagen ID–4၊ Volkswagen ID–6 နှင့် Volkswagen ID–7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့် ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် မွန်(န)ဝါဟူစိန် ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) အကြား ပူးပေါင်းဆောင်ရွက်နေသည့် မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိသားစုစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မိတ်ဖက်အဖွဲ့အစည်း၏ ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုများကို နှစ်ဦးနှစ်ဖက်ကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် သင်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေး မှူးချုပ်(ကုသရေးဦးစီးဌာန) နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဖျာပုံမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၁၇**

ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖျာပုံမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင် ပြသခြင်းကို ဇူလိုင် ၁၆ ရက်က ဖျာပုံမြို့ အထက (၂)ကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောရာတွင် ဖျာပုံမြို့နယ် ပညာရေးမှူး ဦးထွန်းလွင် က အဖွင့်အမှာစကား ပြောကြားပြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာလွင်က "အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများကို အသိပညာပေး ဟောပြောသည်။



ထို့နောက် ကျောင်းသား ကျောင်းသူများအား (၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အာဇာနည်နေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ် အ.ထ.က (၁) တွင် လူငယ်စကားဝိုင်းကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၇**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် (၁၀) နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပသည်။

မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်လှလှဝင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမိုးမိုးမြင့်တို့က လူငယ် စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ (Grade-11) ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးပွဲ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရန်နောင်စိုး (ပြန်/ဆက်)**



# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် ကွန်ပျူတာစာစီမှုဖြင့် ဆင္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဋ္ဌကထာ ကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ် အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ လူမှုရေးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ က အဋ္ဌကထာကျမ်းစာအုပ်များကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ သမ္မောဒနီယကထာ လျှောက်ထားမြွက်ကြားသည်။



ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဋ္ဌကထာကျမ်းစာအုပ်များ သတ်မှတ်ချိန်အမီ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုနာခံပြီး ကွန်ပျူတာကျွမ်းကျင်သူများနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများက စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဋ္ဌကထာကျမ်းစာအုပ်ထုတ်ဝေရေးအဖွဲ့ နာယကဆရာတော်ကြီးများ၏ ကျမ်းစာအုပ်များ စိစစ်တည်းဖြတ်ခဲ့ကြမှုများအား Power Point ဖြင့် အသေးစိတ်ရှင်းလင်း လျှောက်ထားတင်ပြသည်။

**မြွက်ကြားချီးမြှင့်**

ထို့နောက် အခမ်းအနားသို့ကြွရောက်တော်မူလာကြသည့် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ရန်ကုန်မြို့၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက (လှုရတနာ) ဆရာတော် ဘဒ္ဒန္တနာရဒ ဘိဝံသ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သားသမီးမြေးများ မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် မိသားစု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်မိသားစု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ အလှူရှင်များ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

**ရေစက်သွန်းလောင်းအမျှပေးဝေ**

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေလှူဒါန်းပွဲ အခမ်းအနားတွင် ဇူလိုင် ၁၆ ရက်အထိ စေတနာရှင်၊ အလှူရှင် ၄၁ ဦးတို့က စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၁၀၆၉၄၂၄,၀၀၀/- (တစ်သောင်းခြောက်ရာကိုးဆယ့်လေးသိန်း နှစ်သောင်းလေးထောင်တိတိ) ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများနှင့် အလှူရှင်များက ခင်းကျင်းပြသထားသည့် ပုံနှိပ်ထုတ်ဝေပြီးသော ပါရာဇိက ကဏ္ဍ အဋ္ဌကထာ (ပဌမောဘာဂေါ) အုပ်ရေ ၁၀၀၀၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ အုပ်ရေ ၁၀၀၀၊ ပါစိတျာဒိအဋ္ဌကထာ အုပ်ရေ ၅၀၀ တို့နှင့် ကွန်ပျူတာစာမူဆောင်ရွက်ပြီး ကျမ်းစာအုပ်များနှင့် Pagoda Digital Directory ရှင်းလင်းပြသမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ TTTC (ဘယ်လင်း)၌ World Youth Skills Day ပြိုင်ပွဲများမှ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

သိပ္ပံ၊နည်းပညာနှင့် ဆန်းသစ်တီထွင်မှု မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ပါ လုပ်ငန်းစဉ်အရ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်၊ TTTC (ဘယ်လင်း) ၌ ဇူလိုင် ၁၅ ရက်တွင် ကျရောက်သော World Youth Skills Day အထိမ်းအမှတ်အဖြစ် Youth Skills for Peace and Development ဆောင်ပုဒ်ဖြင့် ယင်းနေ့မှစ၍ ကျောင်းသား ကျောင်းသူများ၏ Skills ပြိုင်ပွဲများနှင့် Innovation Project ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။




အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျက နိုင်ငံ့စီးပွား မြှင့်တင်ရေးဆိုင်ရာ MSMEs များ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များရှိ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများကို အသုံးချနိုင်မှုသည် အခရာကျရာ ယခုလိုပြိုင်ပွဲများမှ စွမ်းရည်ပြည့်ဝသော နည်းပညာရှင် လူငယ်များကို မြေတောင် မြှောက်ပေးနိုင်ပြီး ပြည်တွင်း စွန့်ဦးတီထွင်ဖန်တီးမှုများကို အားပေးမြှင့်တင်နိုင်မည်ဟု အလေးအနက် ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးက ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ပြိုင်ပွဲအသီးသီးမှ အကဲဖြတ်ဒိုင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပရောဂျက်များကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ယခုနှစ် လက်တွေ့ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် အင်ဂျင်နီယာဘာသာရပ်ခြောက်ခုတို့မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၇၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Innovation Project ပြိုင်ပွဲတွင် စက်မှုလယ်ယာ၊ ပြန်ပြည့်မြဲစွမ်းအင်၊ စက်ရုပ်နှင့် IT နည်းပညာများဆိုင်ရာ Innovation Project ၁၂ခုနှင့် Grassroot Innovation Project ရှစ်ခုတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ငွေပေါင်း ကျပ်သိန်း ၁၀၀ ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သာယာဝတီမြို့နှင့် ဇလွန်မြို့တို့တွင် ၅ ဒသမ ၁၆ လက်မစီ၊ ကော့သောင်းမြို့တွင် ၅ ဒသမ ၁၂ လက်မ၊ ပူတာအိုမြို့တွင် ၄ ဒသမ ၆၉ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၀၄ လက်မ၊ သီပေါမြို့နှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၉၆ လက်မစီနှင့် ကျိုက်မရောမြို့တွင် ၁ ဒသမ ၈၅ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၂) ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၇**

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၂) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတ နိုင်ငံသံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် အီဂျစ်အာရပ်သမ္မတ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က နှုတ်ခွန်း ဆက်စကားပြောကြားကြပြီး **(အပေါ်ယာပုံ)** (၇၂) နှစ်မြောက် အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။






ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်ကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် e–ID စနစ်အတွက် နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက လေ့လာသုံးသပ်အကြံပြုဆွေးနွေးပွဲသို့တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e–ID စနစ်အတွက် နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက လေ့လာသုံးသပ်အကြံပြုဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီက အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အိန္ဒိယနိုင်ငံ Aadhaar စနစ်သည် အောင်မြင်သည့် နည်းပညာတစ်ခုဖြစ်ပြီး ယင်း Aadhaar စနစ်ကိုလေ့လာ၍ ယခု e–ID စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ e–ID စနစ်သည် မြန်မာနိုင်ငံ၏ e–Government စနစ်အတွက် အခြေခံအကျဆုံး လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ e–ID စနစ်အတွက် လူတစ်ဦးချင်းစီ၏ Bio–graphic/Biometric ကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်၍ ဝန်ကြီးဌာနများ၊ အခြားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံမှ နည်းပညာဆိုင်ရာ ပညာရှင်များအနေဖြင့် မိမိတို့၏ e–ID စနစ် လုပ်ငန်းစဉ် ဆောင်ရွက်ချက်များအပေါ် လေ့လာသုံးသပ်၍ လုပ်ငန်းဆိုင်ရာ အကြံပြုချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများအပေါ် ဖြေရှင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး အကြံပြုပေးကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ Development Partnership Administration Mr. Anish Kumar ဦးဆောင်သော National Institute of Smart Government (NISC) နှင့် Modular Open–Source Identity Platform–(MOSIP) တို့မှ နည်းပညာရှင်ကိုယ်စားလှယ်များကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လက်ရှိ e–ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းပညာဆိုင်ရာအဖွဲ့နှင့် အိန္ဒိယနိုင်ငံ နည်းပညာဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့တို့သည် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး အဆိုပါဆွေးနွေးပွဲကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ e–ID စနစ်နှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ လိုအပ်ချက်များအပေါ် အိန္ဒိယနိုင်ငံမှ နည်းပညာရှင်များက သုံးသပ်အကြံပြုကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုဗ္ဗသီရိမြို့နယ်ဦးစီးမှူးရုံး၌ Biometrics ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်

**ပုဗ္ဗသီရိ ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ဦးစီးမှူးရုံး၌ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် e–ID စနစ်အတွက် Biographic/ Biometric ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းများကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။




အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် e–ID စနစ်အတွက် Biographic/Bio–metric ဇီဝဆိုင်ရာ အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၌ ရပ်ကွက်/ကျေးရွာများမှ ကျား ၁၈ ဦး၊ မ ၂၂ ဦး၊ စုစုပေါင်းလူဦးရေ ၄၀ တို့အား ကောက်ယူခြင်းများ ဆောင်ရွက်ပေးခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဆွေ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ကြည်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းနိုင်ကျော်၊ အဖွဲ့ဝင်(၂)ဦးသန်းငွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်လင်းနှင့် တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

## အင်းတော်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**အင်းတော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကြာအင်းကျေးရွာ ကွင်းအမှတ် (၁၀၃၇) ၌ Drum Seeder (တိုက်ရိုက်မျိုးစေ့ချကိရိယာ) ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်က ကျင်းပကြောင်း သိရသည်။

ဒေသခံတောင်သူများ အနေဖြင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အကျွမ်းတဝင် ရှိလာစေရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စနစ်တကျအသုံးပြုတတ်လာစေရေး၊ စိုက်ပျိုးရေးစရိတ်များ သက်သာပြီး တစ်ဧက အထွက်နှုန်း ကောင်းမွန်လာစေရေး၊ တောင်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသတွင်း ထွက်ကုန်များ တိုးမြှင့်လာစေရေးတို့ အတွက် ရည်ရွယ်၍ ယခုကဲ့သို့ စိုက်ပျိုးနည်းစနစ်များကို သရုပ်ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ အင်းတော်မြို့နယ်အနေဖြင့် နှစ်စဉ်မိုးစပါးကို လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ်တွင် မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဝက်အတွင်း မိုးစပါးဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးထားရှိပြီးဖြစ်ကြောင်း၊ အင်းတော် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောသည်။

အဆိုပါ အခမ်းအနားသို့ အင်းတော်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သီဟ (မြန်/ဆက်)**



# မြန်မာ - ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာ - ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ၌ ကျင်းပပြုလုပ်ရာ မြန်မာ့တပ်မတော်မှ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ Major General Denis Vladimirovich DAVYDOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြပြီး စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံများအား အပြန်အလှန် သုံးသပ်ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာသုတေသန ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ အဆင့်မြင့်သင်တန်းများ စေလွှတ်တက်ရောက်နိုင်ရေးကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးတပ်ဖွဲ့များအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးကြသည်။ ယင်းနောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး သမိုင်းမှတ်တမ်း Video Clip ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ရုရှားတပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသမှုဌာနသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံရှိ ဆေးဝါးသုံးစွဲသူပြည်သူများ ပြည်တွင်း၌ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် ဆေးဝါးများ မပြတ်လပ်ရေးအတွက် ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ ဆေးကုမ္ပဏီများမှသုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးရောင်းချပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဇူလိုင် ၁၇ ရက်မှ ၃၁ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အများပြည်သူရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ) ဆေးဝါးရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးရောင်းချပွဲတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၇-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၆-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀)နာရီမှ (၁၇-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၆၇)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၃)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၇-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၈၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၇-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၇၉၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်းသတင်းထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား လေးမြို့နယ် ယူ- ၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၇**

ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား လေးမြို့နယ် ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ် ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့နယ်အမျိုးသမီးဘောလုံးအသင်းနှင့် သနပ်ပင်မြို့နယ်အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုကို ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပဲခူးခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဘောလုံးချစ်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ ပဲခူးခရိုင်အဆင့်ဌာနဆိုင်ရာများက အကောင်းဆုံးအားကစားသမားဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသည့် ဝေါမြို့နယ်အသင်းတို့အား ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တတိယဆုရရှိသော ကဝမြို့နယ်အသင်းအား မြို့မိမြို့ဖ ဦးဇေယျာထွဋ်က တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် သနပ်ပင်မြို့နယ် အသင်းအား ပဲခူးခရိုင်ပညာရေးမှူး ဒေါ်မာမာစုက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုငွေကျပ် လေးသိန်းအားလည်းကောင်း၊ ပထမဆုရရှိသော ပဲခူးမြို့နယ်အသင်းအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ခုနစ်သိန်းအားလည်းကောင်း၊ ပဲခူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက တံခွန်စိုက်ဆုဖလားအားလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**



အဆိုပါ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲအား ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါမြို့နယ် လေးမြို့နယ်မှ ပြိုင်ပွဲဝင်အသင်း လေးသင်းပါဝင်ကာ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **သက်ထက်**

# ပန်းတောင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်အားပေးထောက်ပံ့

**ပန်းတောင်း ဇူလိုင် ၁၇**

ရေဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် ပန်းတောင်းမြို့နယ်ရှိ မြစ်ကမ်းဘေးရှိ အနိမ့်ပိုင်းရပ်ကွက်/ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ သွားရောက်အားပေးထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပန်းတောင်းမြို့ ပေါ်တော်မူ (ရှင်ဖြူ)ဘုရားရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် အာဟာရမုန့်များကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ ဆန်ရိက္ခာဖိုး နှစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၄၆၄၉၄၀၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် ရေဝင်ရောက်သည့် ရပ်ကွက်/ ကျေးရွာများအတွင်း ရေပြန်လည်ကျဆင်းသွားပါက အများနှင့်သက်ဆိုင်သည့် နေရာများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံ စသည်တို့အား တစ်ပါတည်း သန့်ရှင်းရေးပြုလုပ်ရန်၊ ကျန်းမာရေးဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး စစ်ဆေးဆောင်ရွက်ရန်၊ ရေဘေးကယ်ဆယ်ရေးစခန်းအလိုက် ဌာနဆိုင်ရာပူးပေါင်းပါဝင်သည့် အဖွဲ့များဖြင့် ကြီးကြပ်စောင့်ရှောက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ရေဝတီမြစ်ကမ်းဘေး မြေနိမ့်ပိုင်းရှိ ရပ်ကွက်/ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်ခဲ့သည့် ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ပန်းတောင်း-ဥဿျစ်ပင်မြို့ ကားလမ်းတစ်လျှောက် ရေဝတီမြစ်ရေဝင်ရောက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ရေအမြန်ဆုံး ပြန်လည်ကျဆင်းစေရေးနှင့် ရေဝပ်ကျန်ရှိမှုမရှိစေရေး စစ်ဆေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် ရွှေကျောင်းကုန်းကျေးရွာ၌ ပေါင်ကြီးတင်စနစ်ဖြင့် မိုးနှမ်း(ဆင်းရတနာ-၃) ၁၀ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲ ကြည့်ရှုအားပေး

**ထားဝယ် ဇူလိုင် ၁၇**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်၊ စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချမှုဝေပေးနိုင်ရန်၊ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**အားကစားနည်းများ လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ စကားရည်လုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်းနှင့် ခွက်နင်းကစားနည်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းစာကြည့်တိုက်ကို ကြည့်ရှုသည်။



**ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲ**

ယနေ့ကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ အခြေခံပညာကျောင်း အမှတ်(၂)မှ ကျောင်းသား ကျောင်းသူ ၈၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြသည့်ပြိုင်ပွဲဝင်များနှင့် ဆုရရှိသူများအား ဇူလိုင် ၁၈ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများမှ ကျွဲ၊ နွား တိရစ္ဆာန်များကို ကာကွယ်ဆေးများ အခမဲ့ထိုးနှံ

**ပွင့်ဖြူ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကျွဲ၊ နွား တိရစ္ဆာန်များကို ရေလွတ်ရာကုန်မြင့်များရှိသည့်နေရာသို့ ယာယီရွှေ့ပြောင်းထားသော ကျွဲ၊ နွားတိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝေလွင်ဦး ဦးဆောင်သော ဝန်ထမ်းများသည် ဇူလိုင် ၁၆ ရက်က ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာ၊ သိမ်ကုန်းကျေးရွာနှင့် ကံလှကျေးရွာမှ ရေဘေးရှောင် နွားကောင်ရေ ၂၅၀ ကို ပေါင်ပုပ်လပ်ပုပ်ရောဂါ ကာကွယ်ဆေးနှင့် ကျွဲအကောင် ၅၀ ကို လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးများ အခမဲ့ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**ဝမ်းတွင်း ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စု လူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယမန်နေ့က လူးခင်းကျေးရွာအုပ်စုရှိ အခြေခံပညာ ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း-ခွဲ(ပျားစွဲ)သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၇ ဦးတို့အား အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လဝက ဦးစီးအရာရှိ ဦးစိုးမင်းထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြဝတီမြို့ အ.ထ.က(၁)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဇူလိုင် ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါကြောင်း၊ ငယ်ရွယ်စဉ်မှစ၍ ဘဝရည်မှန်းချက်များ ထားရှိရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်လူငယ်စကားဝိုင်း ဆွေးနွေးပွဲစတင်ခဲ့ရာ ဒေါ်ကြည်ကြည်ဖြိုးကျော်က ဦးဆောင်၍ Grade-10 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေတန်ဖိုး၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တို့ကာကွယ်၊ လူငယ်နှင့် အားကစားကဏ္ဍမြှင့်တင်စို့ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အလိုက် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**




ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# စိတ်ဓာတ်ကောင်းလျှင်အောင်ပွဲဆင် ... ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက်

မိုးကေနိုင်

**အာဇာနည်နေ့အခါသမယရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ယခင်ထက် ပိုအမှတ်ရမိ၊ သတိတရဖြစ်မိသည်။ ကလေးဘဝကတည်းက မစိမ်းခဲ့သည့် အာဇာနည်နေ့၊ လူတိုင်း၏ရင်ထဲတွင် ရှိနှင့်ပြီးသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၊ ရင်ထဲ နှလုံးသားထဲ အမြဲရှိသော်လည်း ဗိုလ်ချုပ်တို့ မျှော်လင့်ခဲ့ဖူးသော မျှော်လင့်ချက်များ ဖြစ်လာခဲ့ပြီလား၊ နိုင်ငံရေး၊ စစ်ရေးမျိုးဆက်အသီးသီးက လက်ဆင့်ကမ်းသယ်ယူ၊ ကြိုးစားပမ်းစား ထိန်းသိမ်းကာကွယ်ခဲ့ကြပေမယ့် လိုချင်သည့်ရည်မှန်းချက် ရောက်လိုသည့်ပန်းတိုင်ကော ရောက်ပြီလား၊ ပြန်လည်ဆန်းစစ်ရလျှင် အဝေးမှာ ကျန်ရစ်ဆဲ၊ တိုးတက်မှုတစ်လှည့် ဆုတ်ယုတ်မှု တစ်လှည့်မျှသာ...။**

**နိုင်ငံတော်၊ ပြည်သူ၊ တိုင်းရင်းသားတို့၏ ဆန္ဒများနှင့် တစ်ထပ်တည်းမကျခဲ့**

အရင်းစစ်တော့ တိုင်းပြည်မှာ စည်းလုံးမှုမရှိ၊ ညီညွတ်မှုမရှိသည့်ကြားထဲမှ ပြည်တွင်း ပြည်ပ ဖိအားမျိုးစုံအောက်မှာ နိုင်ငံအချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးမဆုံးရှုံးရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ ဘေးကင်းလုံခြုံရေးသာမက တစ်ဦးချင်း ဝင်ငွေ တိုးအောင်နှင့် နိုင်ငံစားနပ်ရိက္ခာဖူလုံအောင် မနည်း ကြိုးပမ်းဆောင်ရွက်ပေးနေရသည်။ နိုင်ငံကို ပါတီစုံ ဒီမိုကရေစီနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားတို့ အတွက် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ် အကူးအပြောင်း ကိုလည်း ပုံဖော်နေရသည်။ အပြောင်းအလဲတိုင်းမှာ စိန်ခေါ်မှုက ကြမ်းတမ်းသည်ဆိုသော်လည်း မြန်မာ ပြည် အလှည့်အပြောင်းက ဘယ်ခေတ်ဘယ်အခါနှင့် မှမတူ စိန်ခေါ်ချက်များကား ပြင်းထန်ဆိုးရွားလှသည်။

ထွက်ပေါက်က နိုင်ငံရေးနည်းလမ်းတစ်ခုတည်း ဆိုပေမယ့် စစ်ရေးနည်းလမ်းကို ပညာမဲ့ရွေးချယ် ခဲ့ကြသူများကိုလည်း အံ့သြစွာတွေ့ရသည်။ တစ်ဖက်က ညီညွတ်ရေးကို အမြော်အမြင်ဖြင့် တွင်တွင်လက်ကိုင်ထားသော်လည်း အခြား တစ်ဖက်က ညီညွတ်ရေးကို အသိမဲ့စွာ ပစ်ပယ်ထား သည်ကို တွေ့ရသည်။ ရိုးသားပြီး အမြော်အမြင်ရှိ သည့် တိုင်းရင်းသားတို့က စည်းစည်းလုံးလုံးနှင့် တစ်သွေးတည်း၊ တစ်သားတည်း နေလိုကြသော် လည်း သူတို့ကမူ အများတိုးတက်လိုသည့်အရေးကို မျက်ကွယ်ပြုကာ ပြည်ထောင်စုကြီးပြိုကွဲအောင်၊ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရလေအောင် မနားတမ်းဖျက်ဆီးနေကြဆဲဖြစ်သည်။

ဗိုလ်ချုပ်တို့ခေတ်ကလို တိုင်းပြည်အတွက်၊ ငါတို့လူမျိုးအတွက်ဆိုသည့် ပေးဆပ်ရဲသည့် တိုင်းရင်းသားခေါင်းဆောင်မျိုးများ၊ အခွင့်အလမ်း ကောင်းကို ယူတတ်သည့် တိုင်းရင်းသားခေါင်းဆောင် များ ဤဘက်ခေတ်မှာ မရှိကြတော့ပေ။ မိမိတစ်ဦး ချင်း၊ မိမိမိသားစု မိမိအလွမ်းသင့်ရာလူတစ်စု လူမျိုးစုတစ်စုကောင်းစားဖို့ရာအတွက်သာ ဖြစ်နေ ကြတော့သည်။

**အင်အားကို ဘက်စုံတည်ဆောက်နေရသော ကာလကြီးမှာ များစွာလေ့လာနိုင်မှသာ**

ကမ္ဘာကြီးနှင့်ယှဉ်၍ မြင်လို့ရသည်။ ယခင်က အမေရိကန်ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီ။ ယခုတော့ အမေရိကန်သည်ပင် သူ့အတ္တ၊ သူ့နိုင်ငံ၊ သူ့အစိုးရ၊ သူ့ပါတီ အကျိုးစီးပွား သက်သက်ဖြစ်နေသည်ကို သတိပြုသင့်သည်။ ပထဝီစီးပွားရေး၊ ပထဝီနိုင်ငံရေးများအပေါ် အခြေခံ ပြီး အကျိုးတူရာအချင်းချင်း ပေါင်းဖက်လာကြသည့် ခေတ်ဝယ် နိုင်ငံငယ်လေးများကို အင်အားကြီးများ က ဝင်ရောက်စွက်ဖက်ပြီး အမျိုးမျိုးခြယ်လှယ်မှု ပြုကြသည့် အခြေအနေရောက်နေသည်။ အင်အား ကြီးများ ဖန်တီးသည့် ကိုယ်စားပြုစစ်ပွဲများသည် ဒေသအနှံ့ပျံ့နှံ့လာမည့်အနေအထား များစွာရှိလာ နေပြီဖြစ်သည်။

ထို့ကြောင့် ယခုလိုကာလတွင် နိုင်ငံအားလုံးမှာ အင်အားကို အကြီးအကျယ် တည်ဆောက်လာနေ ကြသည်။ အင်အားဆိုသည့်နေရာမှာ စစ်ရေးအပြင် စီးပွားရေးအင်အားလည်းပါသည်။ လူ့စွမ်းအား အရင်းအမြစ်ကလည်း လျော့ကျသွားလို့မဖြစ်၊ အင်အားကို ဘက်စုံတိုးမြှင့် တည်ဆောက်နေရသော ကာလကြီးထဲ ရောက်နေကြရသည်။ ယခင်ဗိုလ်ချုပ် တို့ခေတ်က လူငယ်နိုင်ငံရေးသမားတော်တော် များများက ပညာ၏ တန်ဖိုးကိုသိပြီး ပညာကို အစွမ်းကုန် သင်ယူကြသည်။ တိုင်းတစ်ပါး လက်အောက် ကျွန်သပေါက်ဘဝမှာ ဘဝနာခဲ့ကြ၍ ဖြစ်သည်။ ထို့ကြောင့် စာများများဖတ်ပြီး ပညာကို ရအောင်သင်ယူကာ ပြည်တွင်း ပြည်ပအခြေအနေ များကို နှံ့စပ်အောင်လေ့လာခဲ့ကြပြီး နိုင်ငံတကာ အခြေအနေကိုကြည့်၍ ကိုယ့်နိုင်ငံအတွက် အကျိုး ရှိအောင် လိုအပ်သလို အသုံးချနိုင်ခဲ့ကြသည်။

သင်ယူရာတွင်လည်း ကိုလိုနီအရှင်သခင်များ နှင့်အပြိုင် ပညာကို ကြိုးစားသင်ယူကြရခြင်း ဖြစ်သည်။ အဓိကဦးတည်ချက်က မိမိလူမျိုးကို သူ့ကျွန်ဘဝမှ လွတ်မြောက်အောင်နှင့် ကိုယ့်နိုင်ငံ လွတ်လပ်ရေးရအောင်ဖြစ်သည်။ ထို့အတွက် မရ ရသည့်နည်းဖြင့် လွတ်လပ်ရေးကို အရယူရန် မိမိတို့ ၏ စဉ်းစားပုံ၊ တွေးခေါ်ပုံတွေကိုပါ ပြောင်းလဲနိုင်စွမ်း ရှိခဲ့ကြခြင်းကိုမူ အသိအမှတ်ပြုရမည်ဖြစ်သည်။

**ရိုးသားမှုအရင်းခံ၍ ယုံကြည်မှုနှင့် နားလည်မှု ခြံရံနိုင်မှသာ**

အယူမှန်၍ အမြင်ပါမှန်သည့်အခါ တွေးပုံခေါ်ပုံ မှအစ ရိုးသားဖြောင့်မတ်နိုင်ခဲ့ကြသည်။ ရိုးသားမှု ဟူသည် မှန်တာကိုသာ လုပ်တတ်ပြီး မမှန်တာဆို ရှောင်မည်ဟူ၍ မကောင်းတာ၊ မမှန်တာကို ဘယ်တော့မှမလုပ်ခြင်း ဖြစ်သည်။ တိုင်းရင်းသား အားလုံး လွတ်လပ်ရေးအတွက် လုပ်ခြင်းသည် တရားသည်၊ နိုင်ငံလွတ်မြောက်ရေး တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နယ်ချဲ့ကို တော်လှန်ခြင်းသည် မှန်ကန်သည်။ မှန်ကန်၍ လည်း တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ထောက်ခံခဲ့ခြင်းဖြစ်ပြီး လူထု၊ လူတန်းစားအသီးသီး အကြား၊ ပါတီများအကြား တိုင်းရင်းသားများ အကြား ရရှိခဲ့သည့် အပြန်အလှန်နားလည်ပေးနိုင်မှု နှင့် ယုံကြည်မှုပေးနိုင်စွမ်း စသည့်အရည်အချင်း များသည် ရိုးသားမှုကို အခြေခံနိုင်ခဲ့၍သာဖြစ်သည် ကို တွေ့ရသည်။

ကိုယ့်အတွက်ထက် အများအတွက်၊ နိုင်ငံ အတွက် ပေးဆပ်မည်ဆိုသည့် ခံယူချက်ကို အခြေခံ ပြီး တရားမျှတမှုနှင့် တစ်နိုင်ငံလုံး တိုင်းရင်းသား အားလုံး လွတ်လပ်ရေးအတွက် လိုအပ်လျှင် အသက်ပါပေးဆပ်မည်ဆိုသည့် စိတ်ဓာတ်မျိုး၊ တစ်နည်းအားဖြင့် မျိုးချစ်စိတ်ကို အခြေခံသည့် အာဇာနည်ပီသမှု၊ ထိုမျိုးချစ်စိတ်ကို အခြေခံပြီး တိုင်းရင်းသားအားလုံးညီညွတ်မှ လွတ်လပ်ရေး ရမည်ဆိုတော့လည်း တိုင်းရင်းသားတွေ ပါလာအောင် စည်းရုံးနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ထိုစည်းလုံးမှု ကပင် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ပြီး ထိုမှတစ်ဆင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည့် သင်ခန်းစာတစ်ခုသည်ပင် အနှစ်ဖြစ်သည်။

ထိုခေတ်ထိုအခါက တိုင်းရင်းသားနိုင်ငံရေး ခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှုမရှိ၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်ကို သိရှိပြီး စည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးကို ကောင်းစွာ နားလည်သဘောပေါက်ခဲ့ကြ၍သာ လွတ်လပ်ရေး ကို အရယူပေးခဲ့ကြခြင်းဖြစ်သည်။ လွတ်လပ်ရေး ခေါင်းဆောင်ကြီးများ အမွေပေးခဲ့သော ထို ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် နိုင်ငံ၏ အချုပ် အခြာမှာ ယနေ့အထိ တည်မြဲနေခြင်းလည်းဖြစ်သည်။

**လေ့လော်ရင်းတက်ကျိုးဆိုသလို ကြားထဲက ကာကွယ်စောင့်ရှောက်နေရ**

သို့သော် ယနေ့အခြေအနေမှာတော့ အားလုံး အသိပင်ဖြစ်သည်။ လေ့လော်ရင်း တက်ကျိုးဆိုသလို နိုင်ငံရေးခရီးလမ်းကား ကြမ်းတမ်းဆဲ၊ ဆွမ်းခံရင်း ငှက်သင့်ဆဲဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် အချုပ်အခြာအာဏာကို မကျိုးမပဲ့ ခိုင်မာအောင် မနည်းကြိုးစားထိန်းသိမ်းနေရသည်။ အဓိက အင်စတီကျူးရှင်းကတော့ တပ်မတော်ပင်ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလကတည်းက ပြည်သူကိုဦးဆောင်ခဲ့သူများသည် ကျောင်းသား ဘဝ၊ သခင်ဘဝမှသည် တပ်မတော်ခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်အဆင့်များအထိ တက်လှမ်းခဲ့ သူများဖြစ်ခဲ့ကြသည်။ သခင်အောင်ဆန်း နိုင်ငံရေး သမားဘဝမှသည် ဗိုလ်ချုပ်အောင်ဆန်း တပ်မတော် သားဘဝ တပ်မတော်၏ ဖခင်အဖြစ် လူထုနှင့် တပ်မတော်ကိုဦးဆောင်ပြီး အသက်ကိုစတေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့သည်မှာ အထင်ရှားဆုံး သာဓကဖြစ်ပါသည်။

အသက်သွေးချွေးများစွာစတေးပြီးမှ ရယူခဲ့ရ သည့် ထိုလွတ်လပ်ရေးနှင့် အချုပ်အခြာ ထပ်မံ မဆုံးရှုံးရန် တပ်မတော်ကပင် ခေတ်အဆက်ဆက် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နေရဆဲဖြစ်သည်။

မြန်မာ့သမိုင်းမှာ ထင်ရှားရှိခဲ့သည့် ညီညွတ်မှုကို ပျက်စီးစေသည့် အကွဲအပြဲများ၊ ဂိုဏ်းဂဏ အာဃာတနှင့် ဖရိုဖရဲသာဓကအဖြစ်အပျက်များကို အတိတ်ကာလ လွတ်လပ်ရေးဖခင်များက ကောင်းစွာ နမူနာယူပြီးနောက် လူထုကို စည်းရုံးလှုံ့ဆော်၍ အောင်မြင်မှုရယူနိုင်ခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများ များစွာရှိပါသည်။ သင်ခန်းစာတို့ အတွေ့အကြုံတို့ဟူသည် ထုတ်ယူသုံးစွဲမှုအပေါ် မူတည်၍ တန်ဖိုးခြားနားချက်ရှိပါသည်။ ပညာရှိသူ နှင့် မရှိသူ၊ စေတနာရှိသူနှင့်မရှိသူအကြား၊ ငြိမ်းချမ်း လိုသူနှင့် အဖျက်သမားအကြား ကွာခြားချက်က သင်ခန်းစာကို ယူတတ်မှုနှင့် မယူတတ်မှု၊ အတွေ့ အကြုံကို ထုတ်ယူအသုံးချတတ်မှု မတတ်မှုအပေါ် တွင် များစွာကွာဟသွားသည်ကို ယနေ့ခေတ် မျက်မှောက်နိုင်ငံရေးအခြေအနေများက ပြနေသည်။ ထိုအချက်ကို ယနေ့ခေတ်လူငယ်များ ကောင်းစွာ သိစေလိုပါသည်။

**စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်မှု၍ အရာရာစိတ်ဓာတ်ကောင်းကြမှသာ**

အရာရာစိတ်ဓာတ်ကသာ ဦးဆောင်ပါသည်။ စိတ်ဓာတ်ကောင်းနေက ဘာလုပ်လုပ် အောင်ပွဲဆင် နိုင်မည်သာဖြစ်သည်။ စိတ်ဓာတ်မကောင်း၍ ကတော့ ဘာမှအဆင်မပြေ၊ ရေတိုအတွက်တော့ ဖြစ်ချင်ဖြစ်နိုင်မည်။ မကောင်းသည့်စိတ်ဓာတ်ကို အခြေခံ၍ လုပ်ဆောင်နေသမျှ ဘယ်ခေတ်ရောက် ရောက် ဘယ်စနစ်ကျင့်သုံးသည်ဖြစ်ပါစေ ရေရှည် မှာတော့ ကျဆုံးသည်သာများသည်။ ရိုးသား ဖြောင့်မတ်မှု၊ သစ္စာရှိမှု ၊ အမြော်အမြင်ရှိမှု၊ မှန်ကန် သည့် အရာအတွက် မိမိအသက်ခန္ဓာကိုပင် ပေးဆပ် မှု အသာစံထက် အနာခံစိတ်ဓာတ်ဟူသော အာဇာနည်ပီသမှုနှင့် အာဇာနည်ဟု သတ်မှတ် ထိုက်သူများတွင် စိတ်ဓာတ်သည်သာ အခရာ ဖြစ်သည်။ ထိုထိုသော ပေတံများဖြင့်သာ အာဇာနည် ပီသမှုကို တိုင်းတာမည်ဆိုလျှင် လွတ်လပ်ရေး ကြိုးပမ်းမှုခေတ် နောက်ပိုင်းရရှိပြီးသော လွတ်လပ် ရေးနှင့် အချုပ်အခြာ ထပ်မံမဆုံးရှုံးစေရန် လည်းကောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မပြိုကွဲရန် လည်းကောင်း အသက်ခန္ဓာပေးဆပ်ခဲ့ကြသူ အာဇာနည်ဂုဏ်ထိုက်သူ နိုင်ငံသားကောင်းများစွာ ကျွန်တော်တို့ နိုင်ငံတွင် ရှိခဲ့ကြ၊ ရှိကြဆဲဖြစ်သည်ကို လည်း မမေ့လျော့သင့်ပါပေ။

စိတ်ဓာတ်ကရှေ့ဆောင်မှုနှင့်အတူ ကောင်းမွန် သော လုပ်ဆောင်ချက်များကို မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းမှ အချို့သောလူငယ်ခေါင်းဆောင် များ၊ အချို့သော သခင်နိုင်ငံရေးခေါင်းဆောင်များနှင့်

*စာမျက်နှာ ၁၁ သို့*

**❂ မြန်မာ့သမိုင်းမှာ ထင်ရှားရှိခဲ့သည့် ညီညွတ်မှုကိုပျက်စီးစေသည့် အကွဲအပြဲများ၊ ဂိုဏ်းဂဏအာဃာတနှင့် ဖရိုဖရဲသာဓကအဖြစ်အပျက်များကို အတိတ်ကာလ လွတ်လပ်ရေးဖခင်များက ကောင်းစွာနမူနာယူပြီးနောက် လူထုကို စည်းရုံးလှုံ့ဆော်၍ အောင်မြင်မှုရယူနိုင်ခဲ့သည့် အတွေ့အကြုံနှင့် သင်ခန်းစာများ များစွာရှိပါသည်။ သင်ခန်းစာတို့ အတွေ့အကြုံတို့ဟူသည် ထုတ်ယူသုံးစွဲမှုအပေါ်မူတည်၍ တန်ဖိုးခြားနားချက်ရှိပါသည်။ ပညာရှိသူနှင့် မရှိသူ၊ စေတနာရှိသူနှင့်မရှိသူအကြား၊ ငြိမ်းချမ်းလိုသူနှင့် အဖျက်သမားအကြား ကွာခြားချက်က သင်ခန်းစာကို ယူတတ်မှုနှင့် မယူတတ်မှု၊ အတွေ့အကြုံကို ထုတ်ယူအသုံးချတတ်မှု မတတ်မှုအပေါ်တွင် များစွာကွာဟသွားသည်ကို ယနေ့ခေတ် မျက်မှောက်နိုင်ငံရေးအခြေအနေများက ပြနေသည်။ ထိုအချက်ကို ယနေ့ခေတ်လူငယ်များ ကောင်းစွာသိစေလို**

# ကမ်းလွန်စီမံကိန်းများနှင့် ကုန်းတွင်းလုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

**ကမ်းလွန်စီမံကိန်းများနှင့် ကုန်းတွင်းလုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ ကျင်းပသည်။**

အစည်းအဝေးတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကမ်းလွန်စီမံကိန်းများနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ထုတ်လုပ်ရေးတွင်းနှင့် ရှာဖွေရေးတွင်းများ တူးဖော်ဆောင်ရွက်သွားမည့် အခြေအနေ၊ ဘုရားကုန်းဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရန် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မှုရလဒ်အပေါ် လေ့လာဆန်းစစ်တွက်ချက်မှုအခြေအနေနှင့် လာမည့်ပွင့်လင်းရာသီအတွင်း စပါးကြီးစမ်း၊ နတ်စင်ကုန်းဒေသတို့တွင် ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို တင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ်သို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က မိမိတို့ နိုင်ငံအနေဖြင့် ရေနံတူးဖော်မှုကို စတင်လုပ်ဆောင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုသည် များစွာနောက်ကျနေကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြု၍ ယခုထက် ပိုမိုကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စွမ်းအင်လုံခြုံမှုရှိရေးသည် မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သဖြင့် အစီအမံများ သေချာစွာချမှတ်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာန




လက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံများနှင့် ရေနံချက်စက်ရုံစီမံကိန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်ငွေ့ပံ့ပိုးပေးနိုင်ရေး အလေးထားရည်မှန်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်မည့် ဆိုက်စမစ်တိုင်းတာရေး၊ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အချိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုတင်ဆောင်ရွက်နိုင်သည့် ကိစ္စများကို ပြီးပြတ်အောင် ယခုကတည်းက စီမံဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူတို့၏လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏လက်ငင်းအကျိုးစီးပွားကို အစွမ်းကုန်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း၊ အမှတ်စဉ်(၇)၏သင်တန်းဆင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် တက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊





သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူကို ထိရောက်စွာ ဝန်ဆောင်မှုပေးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ အသိပေးဆောင်ရွက်ခြင်း၊ ပြည်သူများ၏ အမြင်သဘောထားများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ဆောင်ရွက်ခြင်း၊ ပြည်သူကို ခွဲခြားဆက်ဆံခြင်း ကင်းစွာဖြင့် အားလုံးပါဝင် ဆောင်ရွက်ကြရန်၊ ပြည်သူတို့၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့၏ လုပ်ရည်ကိုင်ရည်နှင့် စွမ်းရည်တို့ကို မြှင့်တင်ကာ ပြည်သူများ၏ လက်ငင်းအကျိုးစီးပွားကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ဆောင်ရွက်ပြီး ပြည်သူ့တို့၏ ယုံကြည်ကိုးစားမှု ခံယူထိုက်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၁၂ ဦး၊ သင်တန်းသူ ၁၃၄ ဦး စုစုပေါင်း ၂၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၆ ရက်မှ ဇူလိုင် ၁၇ ရက်အထိဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆွေးနွေး

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန




မြို့နယ်ဦးစီးမှူးရုံးတို့ပူးပေါင်း၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိအပညာပေးဆွေးနွေးပွဲ (Talk Show)ကို ဇူလိုင် ၁၆ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Center ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်စံပါယ်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က ပါဝင်ဆွေးနွေးကြပြီး အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ကြောင်း လူဦးရေနှင့်အိမ်အကြောင်းအရာများကို မှန်ကန်စွာ ဖြေကြားပေးကြစေလိုကြောင်းစသည်ဖြင့် ဆွေးနွေးကြောင်း သိရသည်။

**တင်မောင် - မန်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

အချို့သော တပ်မတော်ခေါင်းဆောင်များ၏ စိတ်ဓာတ်နှင့် လုပ်ရပ်များက သက်သေပြခဲ့ကြပြီးဖြစ်သည်ဆိုသောအချက်ကို လေ့လာသုံးသပ်နိုင်ပါသည်။

စိတ်ဓာတ်ကောင်းလျှင် အောင်ပွဲဆင်ဟု ဆိုကြသည်။ စိတ်ဓာတ်ကောင်းကောင်းဖြင့် လုပ်မှသာ တစ်ဦးချင်းဆိုလျှင် မိမိတို့ဘဝပန်းတိုင်၊ နိုင်ငံအတွက်ဆိုလျှင် အမျိုးသားရေးရည်မှန်းချက်များ လိုရာခရီးရောက်ပါသည်။ လက်ရှိနိုင်ငံအခြေအနေအရ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိတ်ဓာတ်ကောင်းမွန်ဖို့က အလွန်အရေးပါနေသည်။ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့မှသာ ပြည်သူအပေါင်း စိတ်ဝမ်းနှလုံးချမ်းမြေ့နိုင်ကြမည်ဖြစ်၍ တစ်ဦးချင်းကိုယ်စီ လုံခြုံရေးအသိ လုံခြုံရေးသတိရှိမှုဟူသည် ကောင်းမွန်သောစိတ်ဓာတ်တွင်သာ အခြေခံသည်ဟု ယူဆပါသည်။

မိမိအတွက် လုံခြုံမှုရှိခြင်းသည် အများဘေးကင်းလုံခြုံရေးကိုလည်း အထောက်အကူပြုသည်ဖြစ်၍ မိမိကစ၍ ကောင်းနေလျှင် ပတ်ဝန်းကျင်လည်း ကောင်းလာမည်ဖြစ်ပြီး လူ့အဖွဲ့အစည်းလည်း သာယာဝပြောမှုရှိလာပါမည်၊ စိတ်ဓာတ်ကောင်းလျှင် အရာရာအားကောင်းလာမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံမှာကဏ္ဍအလိုက် ပါဝင်သက်ဆိုင်သူအားလုံး၏ စိတ်ဓာတ်နှင့် ခံယူချက်စေတနာသည် ပြည်သူပြည်သားများ၏ စားရေရိက္ခာ ဖူလုံပေါများရေး၊ နေရေးထိုင်ရေး ထိုမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထိ များစွာ အထောက်အကူပြုနေပါကြောင်း တင်ပြလိုပါသည်။

အချုပ်အားဖြင့် အာဇာနည်နေ့ဝန်းကျင်ပေးလိုသည့် သတင်းစကားအများစုမှာ ယနေ့လူငယ်များအတွက်က အဓိကဖြစ်သည်။ ကိုလိုနီဘဝ လွတ်မြောက်ရေးကာလ ခေါင်းဆောင်များ၏ လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဟူသော ခိုင်မာသောယုံကြည်ချက်နှင့်ယှဉ်သော မယိမ်းမယိုင်ကြိုးပမ်းမှုများကို လေ့လာသုံးသပ်စေလိုပါသည်။ မငြိမ်းချမ်းခြင်း၏အကျိုးဆက်နှင့် လွတ်လပ်ရေး၏ အရသာ ဘယ်လိုကွဲပြားပါသလဲ၊ ယနေ့အချိန်အခါမှာ ဘာကြောင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးက ပို၍အရေးကြီးနေပါသလဲ၊ ဘယ်လိုအဓိကအကြောင်းတရားတွေက လွတ်လပ်ရေးကို ဆုံးရှုံးနိုင်စေသလဲ နားလည်ရန် လိုအပ်သည်ဟု ယူဆပါသည်။

ပညာနှင့် စေတနာ အရေးပါပုံကိုလည်း ဖော်ထုတ်ပြီး အပြုသမားနှင့် အဖျက်သမားကိုလည်း ကောင်းစွာခွဲခြားတတ်ရန်လည်း လိုပါလိမ့်မည်။ ထို့ကြောင့်လည်း ထိုထိုသော အကြောင်းအချက်များနှင့်ထပ်တူ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်ရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ညီညွတ်ရေးသည် တတိယဟုခံယူပြီး စိတ်ဓာတ်ကောင်းကောင်းဖြင့် အရာရာအောင်ပွဲဆင်နိုင်အောင် ကြိုးပမ်းကြပါစို့ဟူ၍သာ ရေးသားဖော်ပြလိုက်ရပါသည်။ ။



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ငဝန်မြစ်ရေဝင်ရောက်မှု ကွင်းဆင်းကြည့်ရှု

**လေးမျက်နှာ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် လေးမျက်နှာမြို့နယ် အတွင်း ငဝန်မြစ်ရေ တက်ရောက်နေမှုနှင့် ရှေးဟောင်းသမိုင်းဝင် စတုမုခထူပါရုံစေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ယနေ့နံနက် ၇နာရီခွဲက ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခတ္တာအုပ်စု ငှက်ပျောတောကျေးရွာအတွင်း ငဝန်မြစ်ရေကြီးမြင့်လာမှုကြောင့် လူနေအိမ်များ၊ စိုက်ခင်းများ ရေနစ်မှုရှိမရှိအခြေအနေနှင့် ရှေးဟောင်း သမိုင်းဝင် စတုမုခထူပါရုံစေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လေးမျက်နှာမြို့နယ်အတွင်း ကမ်းပြို၊ ကမ်းစားမှုဖြစ်ပေါ်လာပါက အရေးပေါ် ဆောင်ရွက်နိုင်ရန် မီးသတ်ဦးစီးဌာန၊ ဆည်မြောင်း ဦးစီးဌာန၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

**မိုးသက်ကို (ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အထက်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၁ ကျောင်း ယာယီပိတ်ထား

**ညောင်ဦး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေပြီး ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း၁၁ကျောင်း ယာယီ ပိတ်ထားရကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်မှာ ၂၁၂၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီတိုင်းထွာချက်အရ ၂၂၆၂ စင်တီမီတာရောက်ရှိနေကာ ညောင်ဦးမြို့နယ်၏ စိုးရိမ်ရေမှတ် အထက် ၁၄၂ စင်တီမီတာ ကျော်လွန် ရောက်ရှိနေသေးကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန တာဝန်ခံ ဒေါ်ခင်လှနုထွေးက ပြောကြားသည်။

**ဒီပါလင်း**



ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ညောင်ဦးမြို့နယ် မြို့မအခြေခံပညာအထက်တန်းကျောင်း ရေကြီးရေလျှံမှု အခြေအနေကိုတွေ့ရစဉ်။

# ခန္တီးမြို့ မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်း မြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခန္တီးမြို့ မြို့မဈေးအတွင်း မြစ်ရေကျချိန်တွင် ကျန်ရှိခဲ့သည့်အမှိုက်များ၊ နုန်းသဲများကို နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဈေးသူ/ဈေးသားများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ အခြေခံပညာကျောင်း ၁၉ ကျောင်းယာယီပိတ်ထား

**ပန်းတောင်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြို့နယ်အတွင်း မြေနိမ့်ပိုင်းရှိမြစ်ရေဝင်ရောက်လျက်ရှိသည့် အခြေခံပညာကျောင်း ၁၉ ကျောင်းကို ဇူလိုင် ၁၆ ရက်မှစတင်၍ ယာယီပိတ်ထားကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်အတွင်း အခြေခံပညာ ကျောင်းပေါင်း ၁၆၀ ရှိသည့်အနက် အထက်တန်း ကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံး ကျောင်း၊အလယ်တန်းကျောင်းနှစ်ကျောင်း၊ မူလွန် ကျောင်း နှစ်ကျောင်းနှင့် မူလတန်းကျောင်း ၁၀ ကျောင်း၊ မူလတန်းခွဲကျောင်း တစ်ကျောင်း စုစုပေါင်း ၁၉ ကျောင်းကို ယာယီပိတ်ထားရပြီး အဆိုပါကျောင်း များတွင် တက်ရောက်စာသင်ကြားနေသည့် ဆရာ ဆရာမ ၂၀၇ ဦးနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၆၄ ဦးရှိကြောင်း သိရသည်။ မြစ်ရေကျဆင်းချိန် တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ကာ သင်ခန်းစာများ နောက်မကျစေရေးအတွက် စာသင်ချိန်များ အစား ထိုး ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လပြည့်လင်း (ပြန်/ဆက်)**

# သရက်မြို့နယ်၌ မြစ်ရေဝင်ရောက်မှုကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထား

**သရက် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်၌ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းအထိ ဧရာဝတီ မြစ်ရေ ဝင်ရောက်မှုကြောင့် အခြေခံ ပညာစာသင်ကျောင်း ခြောက်ကျောင်း ရေဝင်ရောက်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ရေဘေး အန္တရာယ်ကင်းစေရန်အတွက် အခြေခံ ပညာကျောင်းများကို ယာယီပိတ်ထားခဲ့ ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရ သည်။

ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာ စာသင်ကျောင်း ခြောက်ကျောင်းမှာ ရေပေါ်ကျွန်း (အလက)၊ အမက (စမ်း အိုင့်)၊ ကြာကန် (အထက်တန်းကျောင်း)၊ အမက (လက်ပံဆိပ်)၊ ပြရေ ကျေးရွာ (အလက) နှင့် ပိဿလိမ်း (အလက) တို့ဖြစ်ကြောင်း သိရသည်။

**ဇော်ထက် (သရက်)**

# မြဖူးဝေသမအသင်း စည်းဝေး

**မိုးနဲ ဇူလိုင် ၁၇**

မိုးနဲမြို့နယ် မြဖူးဝေငွေစုငွေချေးသမ ဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အစည်းအဝေးနှင့်စုဆောင်း ငွေပေါ် အတိုးထုတ်ပေးခြင်းကို မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်နန်းကြည် ကြည်မြင့်က အသင်း၏လုပ်ငန်းဆောင် ရွက်မှုများရှင်းလင်းပြီး ရှေ့လုပ်ငန်းစဉ် များ အတည်ပြုချက်ရယူသည်။ ယင်း နောက်အသင်းသား ၃၆၅ ဦးသို့ စုဆောင်း ငွေပေါ်အတိုးငွေကျပ် ၁၄၃၂၉၁၈၀ ထုတ် ပေးခဲ့ပြီး စားသုံးဆီများ ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက် စင်ကြယ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုရုံး၌ ဇူလိုင် ၁၇ ရက်က ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက သမဝါယမလုပ်ငန်းစဉ် များ၊ အသင်းဥပဒေ၊ နည်းဥပဒေများ၊ အသင်းဥက္ကဋ္ဌ ဦးချိုက အသင်း၏အခြေအနေ များကို ရှင်းလင်းပြောကြားပြီး အစုပြည့်အသင်းသား ၅၀ အား တစ်ဦးလျှင် ပဲဆီသန့် ၅၀ သား၊ အစုပေါ်အမြတ်ငွေကျပ် ၁၄၅၀၀၀၀ ပေးအပ်စဉ်။ **အာကာလင်း**




## မော်လမြိုင်ကျွန်းမြို့တွင် လူငယ်နှစ်ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းတွင်ပါဝင်ပြီး လာရောက်သတင်းပို့ခြင်းမရှိသည့် လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၄ ရက်တွင် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါဝင်ပြီး လာရောက်သတင်းပို့ရန် ပျက်ကွက်သူများမရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် အဆိုပါ လူငယ်နှစ်ဦးမှာလည်း ပြည်သူ့စစ်မှုထမ်းအမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့် နေ့မှစ၍ ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ် ဆားချောင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆားချောင်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆားချောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါ မီးရှို့မှုကြောင့် နေအိမ် ၃၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မင်းလှမြို့နယ် ဆားချောင်းကျေးရွာ၏ အနောက်ဘက်သို့ ရောက်ရှိစဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို လိုက်လံရှင်းလင်းခဲ့ရာ ဆားချောင်းကျေးရွာ၏ အရှေ့ဘက် မီတာ ၃၀၀ ခန့်တွင် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့် တောင်ယာတဲ တစ်လုံးအား တွေ့ရှိခဲ့ပြီး ၎င်းတောင်ယာတဲအတွင်းမှ လက်လုပ် ၁၂ ဗို့သေနတ်တစ်လက်၊ ၅.၅၆ ကျည် ငါးတောင့်နှင့် ဆက်စပ်ပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆားချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✳ ***ကျောဖုံးမှ***

အုပ်စုကျပ်မှာ ကျရောက်နေပါတယ်။ ဩစတြေးလျ၊ ဗီယက်နမ် စတဲ့ အသင်းကောင်းတွေပါဝင်သလို လာအိုကလည်း တိုးတက်လာတဲ့အသင်းဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် အသင်းတိုင်းက သေချာပြင်ဆင်လာမှာဖြစ်သလို မြန်မာအသင်းအနေနဲ့လည်း အကောင်းဆုံးပြင်ဆင်လာခဲ့ပါတယ်။ ပွဲစဉ်တိုင်းကို သေချာအာရုံစိုက်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ လက်ရှိမှာတော့ ဗီယက်နမ်နဲ့ အဖွင့်ပွဲစဉ်ကိုပဲ အာရုံစိုက်ထားပါတယ်" ပြောကြားခဲ့သည်။

အုပ်စု (ခ) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် လာအိုအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ – MFF**

# *နိုင်ငံတကာသတင်း*

## ဝန်ကြီးချုပ်၏ နုတ်ထွက်စာကို ပြင်သစ်သမ္မတ လက်ခံ

**ပါရီ ဇူလိုင် ၁၇**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ဝန်ကြီးချုပ် ဂါဘရီရယ် အက်တယ်၏ နုတ်ထွက်စာကိုလက်ခံခဲ့သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲတွင် လက်ရှိအာဏာရပါတီ ရှုံးနိမ့်ခဲ့ပြီးနောက် ဝန်ကြီးချုပ် ဂါဘရီရယ်အက်တယ်က ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

၎င်းနေရာတွင် ခန့်အပ်မည့်သူကို မဆုံးဖြတ်ရသေးသဖြင့် အက်တယ်သည် အိမ်စောင့်အစိုးရအဖွဲ့အကြီးအကဲအဖြစ် ဆက်လက်တာဝန်ယူသွားဦးမည်ဖြစ်သည်။ ဇူလိုင် ၈ ရက်တွင် အက်တယ်က ၎င်း၏နုတ်ထွက်စာကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၁၆ ရက်တွင် ပြင်သစ်သမ္မတသည် ဝန်ကြီးချုပ် အက်တယ်၏ နုတ်ထွက်စာကို လက်ခံရရှိခဲ့သည်ဟု သမ္မတရုံးက ပြောသည်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲတွင် မက်ခရွန်၏ပါတီသည်အမတ်နေရာအများအပြားကို ဆုံးရှုံးခဲ့ရသည်။ လက်ဝဲယိမ်း မဟာမိတ်အုပ်စုသည် အဓိကအင်အားကြီးဖြစ်လာသည်။ သို့သော်လည်း မဟာမိတ်အဖွဲ့ဝင်များသည် နောက်ထပ်ဝန်ကြီးချုပ်မည်သူကိုခန့်အပ်ရမည်ဟူသော သဘောတူညီမှုမျိုး မရရှိသေးချေ။

အက်တယ်သည် ဇူလိုင် ၁၆ ရက်က ရုပ်မြင်သံကြားဖန်သားပြင်ပေါ်၌ ထွက်ပေါ်လာခဲ့သည်။ ဝန်ကြီးချုပ်သစ်ခန့်အပ်ရန် နောက်ထပ်ရက်သတ္တပတ်များစွာ ကြာမြင့်ဦးမည်ဟု သမ္မတ မက်ခရွန်က ၎င်းကိုပြောကြားထားကြောင်း ၎င်းက ပြောသည်။ ပြင်သစ်နိုင်ငံ၌ ပါရီအိုလံပစ် ဖွင့်ပွဲမတိုင်မီ နိုင်ငံရေးအခြေအနေမှာ မတည်မငြိမ်ဖြစ်နေဆဲဖြစ်သည်

**အင်န်အိတ်ချ်ကေ**



ပြင်သစ်ဝန်ကြီးချုပ် ဂါဘရီရယ် အက်တယ်။

## ဘန်ကောက်မြို့ရှိ ဇိမ်ခံဟိုတယ်တစ်ခုတွင် နိုင်ငံခြားသားခြောက်ဦးကို သေဆုံးလျက်တွေ့ရှိ

**ဘန်ကောက် ဇူလိုင် ၁၇**

ဘန်ကောက်မြို့လယ်ရှိ ဇိမ်ခံဟိုတယ်တစ်လုံးတွင် နိုင်ငံခြားသားခြောက်ဦးကို သေဆုံးလျက်တွေ့ရှိခဲ့သည်ဟု ထိုင်းရဲများက ပြောသည်။

သေဆုံးရသည့် အကြောင်းအရာနှင့် ပတ်ဝန်းကျင်အခြေအနေများကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။ ဇူလိုင် ၁၆ ရက်က ဟိုတယ်ခန်းတစ်ခန်းအတွင်း လူခြောက်ဦး သေဆုံးနေသည်ဟု ဟိုတယ်မှ တာဝန်ရှိသူများက ရဲဌာနထံ အကြောင်းကြားခဲ့သည်။

၎င်းတို့မှာ အသက် ၃၀ မှ ၅၀ ဝန်းကျင် ဗီယက်နမ်နွယ်ဖွားများဖြစ်သည်ဟု သိရသည်။ ၎င်းတို့ထဲမှ နှစ်ဦးမှာ အမေရိကန်ပတ်စ်ပို့စ် ကိုင်ဆောင်သူများဖြစ်ကြသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ခန္ဓာကိုယ်တွင် သိသာထင်ရှားလောက်သည့် ပြင်ပဒဏ်ရာများ မတွေ့ရှိရကြောင်း အခန်းအတွင်း ရန်းရင်းဆန်ခတ်ဖြစ်ပွားသည့် လက္ခဏာမျိုးလည်း မတွေ့ရဟု ရဲကပြောသည်။

အခင်းဖြစ်ပွားသည့်နေရာမှာ ဈေးဆိုင်များနှင့် ရုံးခန်းများ အများဆုံးရှိရာ နိုင်ငံခြားခရီးသွားအများစု လာရောက်လည်ပတ်သည့်နေရာဖြစ်သည်။ ဟိုတယ်ဧည့်ကြိုခန်းတွင်လည်း သတင်းမီဒီယာသမားများနှင့် အခြားသူများ စုရုံးလာသည့်အတွက် ရှုပ်ထွေးနေသည်။

ဝန်ကြီးချုပ် ဆရက်သာသာဝိစင်းသည် ယင်းနေရာသို့ သွားရောက်ကြည့်ရှုပြီး အရာရှိများက ၎င်းကို ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အခင်းဖြစ်ပွားရသည့် အကြောင်းရင်းကို စောစီးစွာ သိရှိနိုင်ရန် ဝန်ကြီးချုပ်က ရဲများကို ညွှန်ကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ပြန်လည်စတင်

**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကို ပြန်လည်စတင်ခဲ့ပြီး သေနတ်ထိန်းချုပ်မှုလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

ဘိုင်ဒင်သည် နီဗားဒါးသို့ သွားရောက်ခဲ့ပြီး ၎င်း၏ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်က ပြန်လည်စတင်ခဲ့သည်။ ၎င်း၏ပြိုင်ဘက် သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားမှုဖြစ်စဉ်ကြောင့် ဘိုင်ဒင်သည် စနေနေ့က ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကို ခေတ္တခဏရပ်ဆိုင်းခဲ့သည်။

သမ္မတဟောင်း ထရမ့်ကို သေနတ်ပစ်ခတ်လုပ်ကြံမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးကို တင်းကျပ်ခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ ထို့အတူ ဘိုင်ဒင်သွားရောက်မည့် နီဗားဒါးရှိ နေရာတစ်ခုချင်းစီ၌လည်း လုံခြုံရေးထပ်ဖြည့်ထားကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် မိမိတို့သည် ရန်သူများမဟုတ်ကြောင်း အိမ်နီးချင်းများဖြစ်သည်ကို အမြဲသတိချပ်သင့်ကြောင်း ဘိုင်ဒင်က NAACP အရပ်ဘက်အဖွဲ့အစည်းညီလာခံတွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ဒေါပုံမြို့နယ်အတွင်း ဝမ်းပျက်၊ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက ဒေါပုံမြို့နယ်အတွင်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်တွင် ၁၄ ဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဖွဲ့စည်းထားရှိသည့် ၁၄ ဖွဲ့နှင့် ရောဂါဖြစ်ပွားသည့် ရပ်ကွက်အတွင်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိသည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆေးရုံတွင်ကုသမှုပေးနေသည့်အခြေအနေများနှင့် ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရပ်ကွက်အလိုက် ဆေးခန်းများထားရှိပြီး ဖွဲ့စည်းထားသည့်အဖွဲ့များဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားခဲ့သော ဇေယျာသီရိရပ်ကွက်ရှိ ဇေယျာသီရိ(၂)လမ်းနေအိမ်နှင့် သဘော်ာကျင်းရပ်ကွက် အမှတ်(၆၃) နေအိမ်သို့သွားရောက်၍ ရေအသုံးပြုမှုနှင့် အိမ်သာအသုံးပြုမှုစနစ်တို့ကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်ရှိပြီး ရပ်ကွက်ပေါင်း ရှစ်ရပ်ကွက်၌ ဖြစ်ပွားသူ ၄၉ ဦး ရှိကြောင်းနှင့် ၁၆ ဦးမှာ ပြန်လည်ကောင်းမွန်၍ ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

---

❍ *ကျောဖုံးမှ*

ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုတွင်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်၊ ၁၃၆/၂ နှင့် ၁၃၆/၃ ကြားတွင်ရှိသည့် အရှည် ၁၀ ပေ၊ အကျယ် ပေ ၄၀၊ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ် (၁/၁၃၇) ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ မြောက်ဘက်ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့သည်။



**မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားကို မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ယာယီတံတားဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။**

အကြမ်းဖက်သမားများ အနေဖြင့် ခရီးသွားပြည်သူများ သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတံတားကို အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့်တံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်ပြပုံ။**




---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "စိုင်းမင်းနောင် သဒ္ဒါထက်ဖြိုးမောင်မောင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာနေ ရာဇာထွန်း(ခ)ကိုထက်အား မွန်းလွဲ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူး - မော်လမြိုင် ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂)အစုန် မော်လမြိုင် – ရန်ကုန် လူစီးအမြန်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်း ဘူတာအကြား မိုင်တိုင် အမှတ်၊ ၁၂၃/၁၇-၁၅ သို့ နံနက် ၁၁ နာရီ ၁၀ မိနစ်အချိန် ရထားရောက်ရှိဖြတ်သန်းစဉ် အဆိုပါ နေရာ၌ ရထားလမ်းမိုင်းပေါက်ကွဲထားခြင်းကြောင့် သံလမ်းတစ်ပေခွဲခန့် ပြတ်တောက်နေသဖြင့် စက်ခေါင်းနှင့်အတူ ရထားတွဲဆိုင်းတွင်ပါရှိသော လူစီးတွဲနှစ်တွဲ လမ်းချော်ကျမှု ဖြစ်ပွားသည်။ ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်နှင့် ဝန်ထမ်းထိခိုက်မှုမရှိဘဲ သိမ်ဆိပ်-ဒုံဝန်း လမ်းပိုင်းကို နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ယာယီပိတ်ထားခဲ့ရသည်။

လမ်းပိုင်းပိတ်ဆို့မှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ် (၈၁)အဆန် လူစီးရထားသည် နံနက် ၁၁ နာရီ ၄၄ မိနစ်အချိန်တွင် ကျိုက်ထိုသို့ ရောက်ရှိနေပြီး အဆိုပါ ရထားတွင် ရိုးရိုးတန်းခရီးသည် ၄၆၀ နှင့် အထက်တန်းခရီးသည် ၂၃၅ ဦး စုစုပေါင်း ၆၉၅ ဦး ပါရှိကြောင်း သိရှိရသည်။

**ဆက်လက်ပို့ဆောင်**

လမ်းချော်ကျသည့် မော်လမြိုင်မှ ထွက်ခွာလာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထားပေါ်တွင် လိုက်ပါလာသည့် ရိုးရိုးတန်းခရီးသည် ၃၁၃ ဦးနှင့် အထက်တန်းခရီးသည် ၁၄၆ ဦး စုစုပေါင်း ၄၅၉ ဦးအား ဆက်လက်ထွက်ခွာနိုင်ရေးအတွက် ကျိုက်ထိုတွင် ရောက်ရှိနေသော အမှတ်(၈၁)အဆန် လူစီးအမြန်ရထားသည် ရထားလမ်းချော်ကျသည့် နေရာသို့ ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ခရီးသည်များအား ရထားကူးပြောင်းပြီးစီး၍ ညနေ ၅ နာရီခွဲတွင် အမှတ်(၈၂) အစုန် လူစီးအမြန်ရထားအဖြစ် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့သည်။



ပဲခူး–မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျသည့် အမှတ်(၈၂)အစုန် ရထားပေါ်မှ ခရီးသည်များ ရထားကူးပြောင်းနေစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထားလမ်းပျက်စီးပြီး ပဲခူး–မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထား လမ်းချော်ကျမှုအခြေအနေကို တွေ့ရစဉ်။

အမှတ်(၈၁)အဆန် လူစီးအမြန်ရထားမှ ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် လမ်းချော်ကျသော အမှတ်(၈၂) အစုန် တွဲဆိုင်း၏ လမ်းချော်မကျသောတွဲများဖြင့် ခရီးသည်များကို ကူးပြောင်းပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် သထုံဘူတာဘက်သို့ ဆက်လက်ထွက်ခွာပေးနိုင်ခဲ့သည်။ အဆိုပါခရီးသည်များ အဆင်ပြေစွာ ဆက်လက်ပို့ဆောင်ပေးနိုင်ရေးအတွက် မော်လမြိုင်တွင်ရှိသော စက်ခေါင်းနှင့် အရန်တွဲဆိုင်းဖြင့် သထုံဘူတာမှ စောင့်ကြိုပြီး အမှတ်(၈၁)အဆန် ရထားအဖြစ် မော်လမြိုင်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

**ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်**

မိုင်းဖောက်ခွဲ ဖျက်ဆီးခံရမှုကြောင့် ရထားလမ်းချော်ကျမှု ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော ရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲကိုမတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၂၀၆)ကြိမ်၊ ရထားတံတား/ သံလမ်းများကို မိုင်းခွဲ ဖျက်ဆီးခြင်း (၁၆၆) ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၄၂) ကြိမ် ကျူးလွန်ခဲ့ကြသည်။

**ကျူးလွန်ဖျက်ဆီး**

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇူလိုင် ၁၇**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီး အပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး ဆရာမတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆေးကုသမှုခံယူ**

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၅ နာရီ မိနစ် ၂၀ မှ ၆ နာရီ မိနစ် ၂၀ အထိ ပခုက္ကူမြို့ အနောက်တောင်ဘက် မီတာ ၁၇၀၀၀ ခန့်အကွာတွင်ရှိသော အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့်မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်းသုံးဦး သေဆုံးခဲ့ပြီး ဆရာမတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာမတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။





PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် နေအိမ်များကို တွေ့မြင်ရစဉ်။

**လုံခြုံရေးလုပ်ငန်းများတိုးမြှင့်**

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရွာများ အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ်၌ ငှက်ပျောပင်စိုက်ပျိုး၍ ဝင်ငွေရ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ငှက်ပျောပင်များကို ယာမြေကွက်များ သို့မဟုတ် အိမ်ခြံဝင်းအတွင်းရှိ မြေကွက်လပ်များတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးသည့် ငှက်ပျောပင်အမျိုးအစားများမှာ ဖီးကြမ်း (စိမ်း)၊ ဖီးကြမ်း (ငှက်ပြာ)၊ ကသည်းငှက်ပျော (ခေါ်) ရခိုင်ငှက်ပျော၊ ဝက်မလွတ်ငှက်ပျောနှင့် ဝက်မလွတ် (ဘရာဇီး) ငှက်ပျောတို့ကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။



လက်ရှိ အရောင်းအဝယ်ဖြစ်သော ဈေးနှုန်းများအနေဖြင့် အဖီးလှ/မလှ အပေါ် မူတည်၍ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ငွေကျပ် ၂၀၀၀-၂၅၀၀၊ ဝက်မလွတ် (ဘရာဇီး) ငှက်ပျောသီး တစ်ဖီးလျှင် ငွေကျပ် ၂၅၀၀-၃၀၀၀၊ ကသည်းငှက်ပျော (ခေါ်) ရခိုင်ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀ -၂၀၀၀၊ ဝက်မလွတ်ငှက်ပျောသီးတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀-၂၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ရာသီမရွေး စိုက်ပျိုးရောင်းချရသည့် နှစ်ရှည်သီးနှံပင်ဖြစ်ပြီး ငှက်ပျောသီးအပြင် ငှက်ပျောဖူး၊ ပင်စည်တို့ကိုပါ ရောင်းချနိုင်သည့်အတွက် စိုက်ပျိုးသူတောင်သူများ အနေဖြင့် အကျိုးအမြတ်များစွာ ရလျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## မွန်ပြည်နယ်ဒေသထွက် မင်းကွတ်သီးများ အထွက်နှုန်းကောင်းမွန်၍ အကျိုးအမြတ်ရရှိ

မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်လုံး၌ မင်းကွတ်သီးကို စိုက်ပျိုးကြပြီး ဧက ၆၀၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း၊ မင်းကွတ်သီးကို ဧပြီလကုန်နှင့် မေလဆန်းတွင် စတင်ခူးဆွတ်၍ ဈေးကွက်အတွင်း ဝင်ရောက်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လအတွင်း ဈေးနှုန်းများအနေဖြင့် အသီးအရွယ်အစားအပေါ်မူတည်၍ မင်းကွတ်သီး (အကြီး) တစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ မင်းကွတ်သီး (အလတ်) တစ်လုံးလျှင် ငွေကျပ် ၃၅၀ ဖြင့်လည်းကောင်း၊ မင်းကွတ်သီး(အသေး) တစ်လုံးလျှင် ငွေကျပ် ၂၅၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မင်းကွတ်သီး အထွက်နှုန်းမှာ ယခင်နှစ်ကထက် ပိုမိုကောင်းမွန်၍ စိုက်ပျိုးတောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိကြောင်း၊ မွန်ပြည်နယ်မှ ထွက်ရှိသည့် မင်းကွတ်သီးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



DOCA (မွန်)

## ရွှေဘိုဈေးကွက်၌ ပဲစင်းငုံအနီများ ဈေးနှုန်းအနည်းငယ်လျော့နည်း၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ဇွန်လကုန်မှစတင်၍ ပဲစင်းငုံအနီများ ဝင်ရောက်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇူလိုင်လဒုတိယအပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၃၈၃၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်းပေါင်း ၄၀၀၊ တန်အားဖြင့် ၁၃ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လပထမအပတ်နှင့် ဇူလိုင်လဒုတိယအပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများ နှိုင်းယှဉ်ပါက ဇူလိုင်လပထမအပတ်၌ ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဇူလိုင်လဒုတိယအပတ်တွင် ပဲစင်းငုံအနီ တစ်တင်းလျှင် ငွေကျပ် ၁၇၀၀ လျော့နည်း၍ ဝင်ရောက်သဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရွှေဘိုဈေးကွက်မှ သိရသည်။

DOCA(စစ်ကိုင်း)

## ပြည်မြို့နယ်ထွက် ကီလိုမာလကာသီး ဈေးနှုန်းဈေးကွက်

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရှမ်းစုကျေးရွာ၌ ကီလိုမာလကာသီးများကို ဥယျာဉ်ခြံနှင့် အိမ်ခြံဝင်းများတွင် တစ်နိုင်တစ်ပိုင်အနေဖြင့် သော်လည်းကောင်း၊ စီးပွားဖြစ်သော် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာသီးပင်စိုက်ပျိုးရာတွင် ပျိုးပင်နှင့် ကိုင်းကူးပင်များကို စိုက်ပျိုးကြပြီး ကိုင်းကူးပင်များစိုက်ပျိုးပါက စိုက်ပျိုးပြီး ၃-၄ လ အကြာခန့်တွင်လည်းကောင်း၊ တစ်နှစ်အကြာခန့်တွင်လည်းကောင်း၊ အသီးများ စတင်သီး၍ ခူးဆွတ်ရောင်းချရကြောင်း၊ ဇူလိုင်လဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းဈေးကွက်အနေဖြင့် လက်ကားဈေးမှာ အသီးအရွယ်အစားအပေါ်မူတည်၍ အကြီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့်လည်းကောင်း၊ အသေးတစ်လုံးလျှင် ငွေကျပ် ၃၀၀ ဖြင့် လည်းကောင်း ရောင်းချရပြီး ဈေးကွက်အနေဖြင့် ပြည်မြို့ပေါ်ရှိ ဈေးများနှင့် သစ်သီးဆိုင်များသို့ ရောင်းချရကြောင်း သိရှိရသည်။

DOCA (ပဲခူး)



### ၁၇.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၆၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၁၅ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၄၅၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၃၀၀ | ၅၃၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၈၀၀၀ | ၅၈၁၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၅၅၀၀ | ၂၄၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
